## ၁၉၉၅ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ
## သက်တမ်းကုန်လုပ်ကွက်များနှင့် သတ်မှတ်လုပ်ကွက်(အသစ်)များကို အဆိုပြုလျှောက်ထားရာတွင်
## လိုက်နာရမည့်စည်းကမ်းချက်များ

၁။ ရတနာနယ်မြေအသီးသီးရှိ သက်တမ်းကုန်လုပ်ကွက်များနှင် သတ်မှတ်လုပ်ကွက်(အသစ်)များကို ကြေညာချက်များဖြင့် သတင်းစာများတွင် ကြေညာခေါ်ယူပါသည်။ ကြေညာခေါ်ယူထားသော လုပ်ကွက်များကို လုပ်ငန်းရှင်များအနေဖြင့် တင်ပြလျှောက်ထားလိုပါက သတ်မှတ်ထားသည့်အချိန်ကာလအတွင်း ချိတ်ပိတ်တင်ဒါစနစ်ဖြင့် အဆိုပြုလျှောက်ထားရပါသည်။ သက်တမ်းကုန်ဆုံးသည့်လုပ်ကွက်များစာရင်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ နေပြည်တော်နှင့် သက်ဆိုင်ရာတူးဖော်ရေးဌာနများ၌ ကြော်ငြာသင်ပုန်းကပ်၍ ကြော်ငြာပါသည်။

၂။ ကြော်ငြာခေါ်ယူထားသည့် လုပ်ကွက်များကိုသာ အဆိုပြုလျှောက်ထားရမည်ဖြစ်ပါသည်။ ကြော်ငြာခေါ်ယူထားသည့်စာရင်းတွင်မပါဝင်သော လုပ်ကွက်များကို အဆိုပြုလျှောက်ထား၍ မရပါ။

၃။ သက်တမ်းကုန်လုပ်ကွက်များ သက်တမ်းတိုးလျှောက်ထားခြင်းနှင့် သတ်မှတ်လုပ်ကွက်(အသစ်)များ လျှောက်ထားရာတွင် လုပ်ကွက်တစ်ကွက်လျှင် အဆိုပြုလွှာတစ်စောင်နှုန်းဖြင့် လျှောက်ထားရပါသည်။ အဆိုပြု လွှာဝယ်ယူရန်အတွက် အောက်ပါအထောက်အထားများကို တင်ပြရပါမည်-

(က) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(မူရင်း/ မိတ္တူ)

(ခ) ပုံစံ၆/၂၆(မူရင်း/ မိတ္တူ)

(ဂ) ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဝင်လက်မှတ်(မူရင်း/ မိတ္တူ)

(ဃ) လျှောက်ထားလိုသူလုပ်ငန်းရှင်၏မှတ်ပုံတင်(မိတ္တူ)

(င) ကိုယ်စားလှယ်လွှဲအပ်ပါက ကိုယ်စားလှယ်လွှဲစာ

(စ) ကိုယ်စားလှယ်၏မှတ်ပုံတင်( မိတ္တူ)

(ဆ) Bank Statement

၄။ အထက်ပါအထောက်အထားများပြသပြီး ကုမ္ပဏီသည်သက်တမ်းရှိကုမ္ပဏီဖြစ်၍ အမည်မည်း စာရင်းတွင်မပါဝင်ပါက ကုမ္ပဏီမှတ်ပုံတင်ကြေး(၁၀၀ဝိ/-)ကျပ်ပေးသွင်းစေပြီး လုပ်ကွက်(၁)ကွက်လျှင် လျှောက်လွှာ(၁)စောင်နှုန်းဖြင့် မိမိလျှောက်ထားလိုသော လုပ်ကွက်အရေအတွက်အတိုင်း လျှောက်လွှာများကို (၁)စောင်လျှင်(၃၀ဝိ/-)ကျပ်ဖြင့်ဝယ်ယူရပါမည်။

၅။ လျှောက်လွှာများဝယ်ယူပြီးသောအခါ အဆိုပြုလျှောက်ထားလိုသော လုပ်ကွက်တစ်ကွက်အတွက်အာမခံစပေါ်ငွေကျပ်(၁၀၀၀၀၀ဝိ/-) (တစ်ဆယ်သိန်း)ကို ငွေသွင်းချလံထုတ်ယူ၍ မြန်မာ့စီးပွားရေးဘဏ်တွင် ပေးသွင်းရပါမည်။

၆။ အာမခံစပေါ်ငွေများပေးသွင်းပြီးပါက ပေးသွင်းထားသည့်ငွေသွင်းချလံကို ပြေစာပြန်လဲရပါမည်။

၇။ လျှောက်လွှာတွင်ပါဝင်သော အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်၍ လျှောက်လွှာနှင့်အတူ Bank Statement ကို ပူးတွဲ၍ စာအိတ်အတွင်းထည့်သွင်းပြီး ဥက္ကဋ္ဌ၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီသို့ လိပ်မူ၍ လျှောက်ထားသူအမည်၊ ကုမ္ပဏီအမည်တို့ကို စာအိတ်ပေါ်တွင်ရေး၍ အဆိုပြုလွှာလက်ခံရေးအဖွဲ့သို့ ချိတ်ပိတ်တင်ပြရပါမည်။

၈။ တင်ပြသည့်ချိတ်ပိတ်ပြီးစာအိတ်များပေါ်တွင် အဆိုပြုလွှာလက်ခံရေးအဖွဲ့က အာမခံစပေါ်ငွေပေးသွင်းထားသည့် ငွေသွင်းပြေစာအမှတ်၊ မှတ်ပုံတင်အမှတ်များကိုရေးသားပြီး မှတ်ပုံတင်စာအုပ်တွင် စာရင်းရေးသွင်း ပြီးပါက လုပ်ငန်းရှင်ကိုယ်တိုင်တင်ဒါပုံးများအတွင်းထည့်သွင်းရပါမည်။

၉။ အဆိုပြုလွှာများတင်သွင်းသည့်ကာလကို ရက်ပေါင်း(၃၀) သတ်မှတ်ပါသည်။

**မှတ်ချက်။ ယခုအခါ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြည်သူ့လွှတ်တော်တွင် ညှိနှိုင်း ရေးဆွဲလျက်ရှိပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးပါက မြန်မာ့ကျောက်မျက်ရတနာနည်းဥပဒေကို ဆက်လက်ရေးဆွဲပြီး ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။**